# 6 Messages to Church

## အသင်းတော်အတွက် သတင်း (၆)ချက်

ကျွန်တော် မလေးရှားမှသင်းအုပ်ဆရာအီဖန်ဒီးနဲ့ ကျွန်တော့်ဇနီးသည်တို့ဟာ ဧပြီလ (၂၁)ရက်နေ့ ၂၀၀၆ ရက်နေ့မှာ မလေးရှားနိုင်ငံအနောက်ဘက်မှာရှိတဲ့ သားရဲ့မင်္ဂလာဆောင်ပွဲကို တက်ရောက်ဖို့ ခရီးစတင်ထွက်ခဲ့ပါတယ်။ တစ်ပတ်အကြာမှာ ကျွန်တော်ဟာ မထင်မှတ်ဘဲ Stroke ရရှိပြီး ဆေးရုံတက်ရောက်ခဲ့ရပါတယ်။ ခွဲစိတ်ကုသမှုကို ချက်ချင်းလုပ်ရမယ်လို့ အကြံပေးတဲ့အတိုင်း ခွဲစိတ်ခန်းထဲသို့ ဝင်ခဲ့ရပါတယ်။ ခွဲပြီး (၁)လ ကြာသည်အထိ အထူးကြပ်မတ်ခန်းထဲမှာ နေခဲ့ရတယ်။ Comma လို့ခေါ်တဲ့ သတိမေ့ရောဂါဝင်ခဲ့လို့လေ. . .။ ခွဲပြီး (၁)ပတ်အကြာမှာ Comma ဝင်တာပါပဲ။ သင်းအုပ်ဆရာတွေ၊ ဘုန်းတော်ကြီးတွေ၊ သာသနာပြုလူတွေ လာပြီး ကျွန်တော့်ကို ဆုတောင်းပေးကြတယ်။ သည်းထန်တဲ့မိုးတွေ ကျွန်တော့်အပေါ် ရွာသွန်းတယ်လို့ အိပ်မက်မက်တယ်။ သူတို့ဆုတောင်းပေးတာကြောင့် ဆုတောင်းပြည့်တယ်လို့ ယူဆတာပါပဲ။ မကြာခင်မှာဘဲ ဘုရားရှင်ရဲ့ ကျေးဇူးတော်နဲ့ ကရုဏာတော်ကြောင့် ကျွန်တော်ပြန်ကောင်းလာပြီး လူကောင်းတစ်ယောက် ပြန်ဖြစ်လာရပါတယ်။

၂၀၀၆ မေလ၊ တတိယအပတ် ညသန်းခေါင်ယံအချိန်မှာ ထူးခြားတဲ့ခံစားမှုတစ်ခုကို ကျွန်တော်ရုတ်တရက် ခံစားလိုက်ရတယ်။ ဘေးနားမှာရှိတဲ့ တခြားလူနာတွေကတော့ နှစ်ခြိုက်စွာအိပ်ပျော်လို့ပေါ့။ မအိပ်နိုင်ဘဲဖြစ်နေတာ ကျွန်တော်တစ်ယောက်ထဲရယ်. . .။ ဒါနဲ့ပဲ ကျွန်တော့်အတွေးကို ခရစ်တော်ဘုရားပေါ်၌ အာရုံပြုလိုက်တယ်။

ဟေရှာယ ၄း၃၆ ကျမ်းပိုဒ်အပေါ် အာရုံပြုဆင်ခြင်မိလိုက်တယ်ဆိုရင်ပဲ ဘုရားရှင် အနားကိုရောက်လာပြီဆိုတဲ့ အသိပေးခံစားချက်ကို ကြက်သီးထစွာခံစားလိုက်ရတယ်။ ဒါကြောင့် တခြားဘာသာစကားနဲ့ချက်ချင်းဆုတောင်းရင်း နားစွင့်နေလိုက်မိတယ်။ ခဏကြာတော့ ကုတင်ပေါ်မှာစပြီး ဘေးစောင်းလဲလျောင်းအိပ်လိုက်တယ်ဆိုရင်ပဲ တစ်စုံတစ်ယောက်က နောက်ကနေ ကျွန်တော့်ကိုပုတ်လိုက်တယ်။ ခေါင်းကိုလည်းဖြည်းညင်းစွာ ပုတ်လိုက်သေးတယ်။ ချက်ချင်းဆိုသလို အံ့သြစရာကောင်းတဲ့ စီးဆင်းမှုတစ်ခုကကျွန်တော့်ခန္ဓာကိုယ်ထဲ ဝင်ရောက်စီးဆင်းလာတယ်။ အဖေတစ်ယောက်ရဲ့မေတ္တာ၊သားတစ်ယောက်ဆီကို စီးဆင်းစိမ့်ဝင်လာသလိုပါပဲ။ ဒီလူဟာ ဘယ်သူများပါလိမ့်. . .။ ငယ်ရွယ်ပြီး ချောမောခန့်ညားတဲ့လူငယ်တစ်ယောက်၊ ကိုယ်လုံးကိုယ်ထည်တောင့်တင်းသန်မာပြီး အရပ်ရှည်တယ်။ ရှည်လျားတဲ့ဆံပင်တွေဟာလည်း လည်ဂုတ်အထိရှိတယ်။ ဝတ်ရုံဖြူကိုဝတ်ထားတယ်။ “ကျွန်တော်ရှာနေတဲ့ ခရစ်တော်ဘုရားဟာ သခင်ပဲလား” လို့မေးလိုက်တော့ မဟုတ်ကြောင်း ခေါင်းခါရမ်းပြတယ်။ “ဒါဆိုသင်ဟာ ဘယ်သူလဲ?” လို့မေးတော့ “ကောင်းကင်ဘုံမှ သတင်းစကားလာပြောပေးသူပါ။ ခရစ်တော်ဘုရားက ကျွန်တော့်အား သင့်ထံသို့စေလွှတ်ပြီး သတင်းစကားလာပြောခိုင်းလိုက်တယ်” လို့ ပြန်ပြောပါတယ်။

ကောင်းကင်တမန်ပါတကား . . . အလိုလေး . . .

“အမိန့်ရှိပါ” လို့ ကျွန်တော်က သူ့အားပြောတော့ “ဒီည. . . သင် ကောင်းကင်ဘုံသို့ တက်ရလိမ့်မယ်” လို့ သူပြန်ပြောလိုက်တဲ့ တခဏမှာပဲ . . .

ကျွန်တော့်ခန္ဓာကိုယ်မှ ခံစားနေရတဲ့ဝေဒနာများဟာ ယူပစ်သလိုပျောက်သွားပြီး ဘာနဲ့မှနှိုင်းယှဉ်လို့မရတဲ့ ငြိမ်းချမ်းမှုတစ်မျိုးကို ရင်ထဲမှာခံစားလိုက်ရပါတယ်. . .။ ဒီရောဂါဝေဒနာ၊နာကျင်တဲ့ဒဏ်ချက်များကို တစ်ခါမှမခံစားဘူးသကဲ့သို့ ကျွန်တော်ဖြစ်သွားတယ်။ ဒါနဲ့ချက်ချင်းပဲ ကောင်းကင်တမန်ကို ကျွန်တော်ပြောလိုက်တယ်။ ကောင်းကင်ဘုံကို ကျွန်တော်လိုက်ဖို့ အခုပဲအဆင်သင့်ဖြစ်ပါပြီ။ ကျွန်တော့်ဘုရားရှင်ကိုလည်း အင်မတန်တွေ့ချင်လှပါပြီ။

မိတ်ဆွေ . . . ကျွန်တော့်ရဲ့ခန္ဓာကိုယ်ဟာ . . . ကုတင်ပေါ်မှာ ကျန်ခဲ့ပြီး ထိုကောင်းကင်တမန်နဲ့အတူ ဆေးရုံအပြင်ဘက်သို့ ကျွန်တော်တို့လမ်းလျှောက်ထွက်လာကြတယ်။

ထွားကျိုင်းသန်မာခန့်ညားလှပတဲ့ မြင်းကြီးတစ်ကောင်ကို တွေ့လိုက်ရတယ်။

လှလိုက်တာဗျာ . . . ကျက်သရေရှိလိုက်တာ. . .။

ကောင်းကင်တမန်ကလည်း “ဒီမြင်းကြီးကို သင်စီးရမယ်” ကောင်းကင်တမန်ရဲ့အကူအညီရရှိပြီးမှသာ. . . ဒီလောက်မြင့်မားတဲ့မြင်းကြီးပေါ်ကို ကျွန်တော်တက်နိုင်ခဲ့တယ်။ ကျွန်တော်က “ဒီမြင်းကြီးစီးပြီး ကောင်းကင်ဘုံကိုအရောက်ပို့မှာလား” လို့မေးတော့ . . .“စိုးရိမ်စိတ်ပူပန်ခြင်းမရှိဘဲ စီးပါ” “ဧလိယကို မီးမြင်းရထားနဲ့ ကောင်းကင်ဘုံကို အရှင်လတ်လတ်၊ ချီဆောင်ခဲ့တာကို ကျမ်းစာထဲမှာ သင်ဖတ်ဖူးမှာပါ၊ မှတ်မိသေးရဲ့လား? ဒီမြင်းကြီးဟာ အဲဒီမီးမြင်းရထားကို ဆွဲပေးတဲ့ မြင်းတွေထဲက တစ်ကောင်ဘဲဖြစ်တယ်” လို့ . . . ပြန်ဖြေတယ်။

အလိုလေး . . . မြတ်စွာဘုရား . . .

ဒီမြင်းကြီးက . . .

ကျွန်တော်ဘာဆိုဘာမှ မပြောနိုင်တော့ပါဘူး။ အံ့သြလွန်းလို့ ကြက်သေ၊သေနေမိတယ်။ မြင်းကို စစီးပါပြီ။ ပထမပိုင်းတော့ ပုံမှန်လေးပဲ သူပြေးတယ်။ မီတာ (၁၀၀)ကျော်လောက်ရောက်တော့ အောင်မလေးဗျာ . . . ဘုရားဆီကရတဲ့ တန်ခိုးနဲ့ ပြေးလိုက်တာများ တောင်တန်းကြီးတွေဆိုတာ ခဏလေး၊ စက္ကန့်ပိုင်းလေးမှာတင် ကျော်လွှားသွားလိုက်တာ။ မြန်လိုက်တာဆိုတာ ပြောမပြတတ်အောင်ပဲ. . .။ ကြီးမားကျယ်ပြန့်တဲ့စိမ်းလန်းသောကျက်စားရာ မြက်ခင်းပြင်တစ်ခုပေါ်ရောက်တော့ မြင်းကြီးကရပ်လိုက်တယ်။ (***စိမ်းလန်းသောကျက်စားရာအရပ်၌ ငါ့ကိုအိပ်စေတော်မူ၏. . ဆာလံ-၂၃း၂***)မြင်းပေါ်က ဆင်းပြီး ကျွန်တော်တို့ လမ်းစလျှောက်ကြတယ်။ မြက်ခင်းပေါ် ဖြတ်လျှောက်စဉ်မှာပဲ ခေါင်းလောင်းထိုးသံတစ်ချက် ကြားလိုက်ရတယ်။ (လူစိမ်းရောက်ကြောင်း အချက်ပေးတာများလား) ကောင်းကင်တမန်ကိုမေးကြည့်တော့ ကျွန်တော်ထင်တဲ့အတိုင်းပါပဲ။ လမ်းလျှောက်လာစဉ် ခေါင်းလောင်းသံအဆက်မပြတ်ထိုးသံကြားစေရတာပါပဲ။

အနီရောင်မီးလုံးတစ်လုံးရှိတဲ့ လှပတဲ့အိမ်တစ်လုံးကို တွေ့လိုက်တယ်။ အနီရောင်မီးလုံးထဲမှာ ဂဏန်း '၅၁' ကိုတွေ့ရတယ်။ ဒါဘာများလဲလို့ ကျွန်တော်မေးတော့ "အိမ်နံပါတ်ဖြစ်သလို သင့်ရဲ့အသက်ရဲ့သက်တမ်းလည်း ဖြစ်တယ်" လို့ ကောင်းကင်တမန်က ပြန်ပြောတယ်။

အိမ်? . . . ကျွန်တော့်ရဲ့အိမ် . . . ? ဒီကောင်းကင်ဘုံမှာ ကျွန်တော်နေဖို့ အိမ်ရှိပြီးနေပြီဆိုတဲ့အသိနဲ့ ပျော်လိုက်တာဗျာ . . .။

တခြားအိမ်တွေ အများကြီးကိုလည်း မြင်တွေ့ခဲ့ရတယ်။

လမ်းဆက်လျှောက်လာစဉ် ကြီးမားတဲ့အဆောက်အဦးကြီးတစ်ခုကို လူတွေအများကြီး၊ အပြည့်ဖြင့် တွေ့လိုက်ရတယ်။ ဘုရားရဲ့ရွေးချယ်ခြင်းခံထားတဲ့ လူတွေလေ။ ခရစ်တော်ဘုရားရှင်ဟာ ပလ္လင်တော်ပေါ်မှာထိုင်နေပြီး လူတွေဟာ သူ့ကိုဝတ်ပြုကိုးကွယ်နေကြတယ်။ စိတ်နှလုံးအပြည့်ဖြင့် ဝတ်ပြုကိုးကွယ်လျက်၊ ကလျက်၊ လက်များကိုချီဆောင်မြှောက်ပင့်လျက်၊ ဒူးထောက်လျက် . . . အစရှိသည်ဖြင့်ပေါ့။ "ကမ္ဘာမြေပေါ်ရှိတဲ့လူတွေ ခရစ်တော်ဘုရားကို ဒီလိုမျိုးပဲ ဝတ်ပြုကိုးကွယ်ရင် ကောင်းမှာပဲ" လို့ ကျွန်တော် တွေးလိုက်မိတယ်။

ခရစ်တော်ကိုယ်တိုင် သူတို့အလယ်ကို လျှောက်သွားပြီး၊ သူတို့ရှိသမျှရဲ့ မျက်ရည်ကို ကိုယ်တိုင်သုတ်ပေးတယ်။ "သေခြင်းမရှိ၊ ဝမ်းနည်းငိုကြွေး နာကျင်မှုမရှိ။" ဆိုတဲ့ ဗျာဒိတ်ကျမ်းပိုဒ်ကို ချက်ချင်းအမှတ်ရလိုက်မိတယ်။

ကောင်းကင်တမန်က ခရစ်တော်ဘုရားထံသို့ ကျွန်တော့်ကိုခေါ်လာပြီးအပ်နှင်းတယ်။ ခရစ်တော်ဘုရားက အဖေတစ်ယောက်က သားတစ်ယောက် ချစ်တဲ့မေတ္တာမျိုးအပြည့်နဲ့ ကျွန်တော့်ကိုဖက်လိုက်တယ် . . .။ ခင်ဗျားတို့စဉ်းစားကြည့်ပါ၊ ဘုရားစစ်က ကျွန်တော့်ကိုချစ်ခြင်းမေတ္တာအပြည့်နဲ့ ဖက်တယ်ဆိုတော့ ကျွန်တော့်ရင်ထဲဘယ်လောက်ဝမ်းသာနေမလဲ? ၊ ခရစ်တော်ဘုရားက မဖက်ခင်ပြောတဲ့စကားကတော့ "**ချစ်သား . . . ယနေ့ဒီကိုရောက်လာပြီ**" ဆိုတာပါပဲ။

ကောင်းကင်တမန်က "အရှင်ဘုရား . . . ကမ္ဘာမြေကြီးမှာရှိတဲ့ သူ့အိမ်ကိုရောက်တော့ သူဟာ တော်တော့်ကို ဆိုးဆိုးရွားရွားနေမကောင်းဖြစ်နေတယ်။ အခုတော့ အတော့်ကို သက်သာလာပါပြီ" လို့ ပြောတယ်။ ခရစ်တော်ဘုရားက "**ငါမြင်၍ သိရှိပြီးဖြစ်တယ်**" လို့ ပြန်ဖြေတယ်။ ကောင်းကင်တမန်က "သူ့အမျိုးသမီးရဲ့ အရှင်ဘုရားထံကိုတောင်းနေတဲ့ ဆုတောင်းသံကိုလည်း ကြားခဲ့ရတယ်။ သူ့ကို မရုတ်သိမ်းဖို့အတွက်လေ" လို့ပြောတယ်။ ဘုရားရှင်က "**အားလုံးကိုသိပြီးပြီ၊ သူ့အမျိုးသမီးဟာတကယ့်ကို ဘုရားကိုချစ်ကြောက်ရိုသေတဲ့အမျိုးသမီးပါ။ ငါဘုရားပေါ်မှာ သစ္စာရှိရုံမျှသာမက ဖွဲ့အပြည့်ဖြင့်ဆုတောင်းလေ့ရှိတတ်သူပါ**" လို့ ပြန်ပြောတယ်။ အဲ့ဒီနောက် ဘုရားရှင်က "**ချစ်သား . . . ဒီကိုလာဖို့ အချိန်မစေ့သေးတဲ့အတွက် ကမ္ဘာကြီးကို သင်ပြန်ရမယ်။ သင့်ကို တာဝန်တစ်ခုပေးအပ်လိုက်မယ်**" လို့ ပြောပါတယ်။

ကျွန်တော်ကလည်း "ဒီမှာပျော်ပြီး အရှင်ဘုရားနဲ့ပဲ အတူနေပါရစေ . . . ကမ္ဘာကြီးကို ပြန်မပို့တော့ပါနဲ့" လို့ပြောတော့ "**သင်နဲ့ငါ ကပ်ကမ္ဘာကုန်သည်အထိအတူ ကမ္ဘာကြီးမှာရှိနေမယ်**" လို့ ကတိထပ်ပေးပြောကြားတယ်။

ဘုရားရှင်က ကျွန်တော့်အား ကမ္ဘာမြေကြီးမှာရှိတဲ့ သူ့ရဲ့သားသမီးတွေကို ဒီစကားကြီး (၆)ခွန်းကို ပြောကြားပေးဖို့ အဓိကတာဝန်ပေးအပ်လိုက်ပါတယ်။ ဒီကောင်းကင်ဘုံက အတွေ့အကြုံတွေကို ဝေငှရမယ်လို့လည်း မှာလိုက်ပါသေးတယ်။ ခွန်အားယူပြီး သူ့ရဲ့အလိုကျအသက်ရှင်ရမယ်လို့လည်း မှာခိုင်းလိုက်ပါတယ်။

ဘုရားရှင်က "**သင်မြေကြီးပေါ် ပြန်ရောက်တာနဲ့ ငါဘုရားရှင်ရဲ့ သားသမီးများကို ဤသတင်းစကားများကို ပြောကြားပေးပါ**" လို့ မှာပါတယ်။

**ပထမသတိပေးချက်**

ဘုရားရှင်က "**ချစ်သားသမီးတို့ ငါဘုရားရှင် တဆူတည်းသောဘုရားအပေါ်မှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ယုံကြည်ပါ**" လို့ သတိပေး မှာကြားပါတယ်။

**ဒုတိယသတိပေးချက်**

ဘုရားရှင်က "**ချစ်သားသမီးတို့ ဘုရားကျောင်းဝတ်ပြုကိုးကွယ်မှုကို မပျက်ကွက်စေပဲ သစ္စာရှိစွာ တက်ရောက်ပါ။ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်မှာ ငါဘုရားရှင်ဟာ သူတို့မျက်နှာပေါ်မှာ ထွန်းလင်းတောက်ပစေပြီး သူတို့ဟာလည်း ငါ၏မျက်နှာတော်ကို ရှာဖွေကြလိမ့်မယ်။ ဝတ်ပြုကိုးကွယ်တာကိုမြင်တွေ့ရတဲ့ ငါဘုရားရှင် အင်မတန်မှ ကြည်နူးဝမ်းမြောက်လှတယ်**" လို့ မှာကြားတယ်။

**တတိယသတိပေးချက်**

ဘုရားရှင်က "**ချစ်သားသမီးတို့ သစ္စာရှိစွာဆက်လက်၍ ဆုတောင်းပါ။ ဘုရားရှင်ရဲ့ အလိုတော်အတိုင်း လိုက်လျှောက်အသက်ရှင်ပါ။ နှုတ်ထွက်တရားတော်များကို နာယူကျင့်သုံးပါ**" လို့ မှာကြားတယ်။

**စတုတ္ထသတိပေးချက်**

ဘုရားရှင်က "**ချစ်သားသမီးတို့ ဆယ်ဘို့တဘို့နှင့် အလှူငွေပေးဖို့ လုံးဝမမေ့ပါနှင့်**" လို့ မှာကြားတယ်။ ဒီစတုတ္ထအချက်ကို မှာကြားစဉ်မှာ အပြီးသတ်ဆောက်လုပ်ပြီးပြီဖြစ်သော လှပလွန်းတဲ့ အိမ်များကို ဘုရားရှင်က ကျွန်တော့်အားပြသပြီး သခင်ဘုရားကိုယုံကြည်ပြီး နာခံတဲ့အသက်တာနဲ့ လျှောက်လှမ်း

တဲ့သူများအတွက်ဖြစ်တယ်လို့ပြောတယ်။ အပြီးသတ် ဆောက်လုပ်မပြီးသေးတဲ့အိမ်များကိုလည်း တွေ့လိုက်ရတယ်။ ဘာကြောင့်မပြီးသေးတာလဲလို့မေးတော့ ဘုရားရှင်က "**ဘာကြောင့်လဲဆိုတော့ ဒီအိမ်ပိုင်ရှင်တွေဟာ လျှုဒါန်းတဲ့နေရာမှာ စေတနာစိတ်မပါတာရယ်၊ ဆယ်ဘို့တဘို့ကို မှန်မှန်မလှူတာကြောင့်ရယ်ပဲပေါ့**" လို့ပြန်ဖြေတယ်။

**ပဉ္စမသတိပေးချက်**

ဘုရားရှင်က "**ချစ်သားသမီးတို့ သင်တို့ပိုင်ဆိုင်တဲ့ လောကစည်းစိမ်ချမ်းသာကြွယ်ဝမှုများ အားလုံးအပေါ်မှာ ငါဘုရားရှင်ရဲ့ အကွယ်အကာကိုရရှိစေဖို့ ဆုတောင်းပါ။ ငါ၏ကောင်းကြီးပေးခြင်းကြောင့် ပိုမိုကြွယ်ဝလာမျိုးပဲ ဖြစ်စေပါ။ ထိုသို့အားဖြင့် ငါဘုရားရှင် ဒုတိယအကြိမ်ကြွလာတဲ့အခါမှာ ဒီဥစ္စာပစ္စည်းတွေအပေါ်မှာ စိတ်စွဲလန်းပြီး မကျန်ခဲ့စေဖို့ပဲဖြစ်တယ်။ ဆားတိုင်သွားတဲ့ လောတရဲ့မိန်းမကို သင်ခန်းစာယူပါ။ မက်မောမှုရယ်၊ စွဲလန်းမှုရယ်ကြောင့် ကျန်ရစ်ခဲ့ရတာကိုလေ. . .** " လို့ မှာကြားတယ်။

**ဆဋ္ဌမသတိပေးချက်**

ဘုရားရှင်က "**ချစ်သားသမီးတို့ အဆင်သင့်ပြင်ဆင်ထားပါ။ စောင့်နေကြပါ။ ဘာကြောင့်လဲဆိုတော့ မထင်မှတ်တဲ့အချိန်မှာ စောလျင်စွာ ငါဘုရားရှင်ပြန်လာမယ်**" လို့ မှာကြားတယ်။ ဒီဆဋ္ဌမသတိပေးချက်ကို ပြောကြားပြီးတာနဲ့ ချက်ချင်းပဲ ဘုရားရှင်က ကြည်လင်ရှင်းလင်းနေတဲ့မိုးကောင်းကင်ကြီးတစ်ခုကို ကျွန်တော့်အားပြတယ်။ ဘာတိမ်မှ မရှိဘူး။ လူတွေဟာ ဖြူစင်တဲ့ ဝတ်ရုံတွေကိုဝတ်ပြီး ခရစ်တော်ဘုရားဆီသို့ ပျံသန်းလာကြတာကို တအံ့တသြကြီး မြင်တွေ့လိုက်ရတယ်။ ဝမ်းသာနေလိုက်ကြတာ။ ပျော်ရွှင်စွာ ပျံတက်လာနေလိုက်ကြတာ. . .။ ဘုရားရှင်က "**ငါ၏ချစ်သားသမီးတို့ကို ငါ့ထံသို့သိမ်းသွင်းရန် ငါသည်အဆင်သင့်ဖြစ်နေပြီ**" လို့ မိန့်ကြားတော်မူတယ်။

ခရစ်တော်ကို ယုံကြည်တဲ့သူအတိုင်း ချီဆောင်ခြင်းကို ခံရတာကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရတယ်။ ရပ်နေတဲ့ ခရစ်တော်ဘုရားရဲ့ ဗယ်ဘက်နဲ့ ညာဘက်ဆီသို့ ဦးတည်ပြီး ပျံတက်လာကြာတာကို တွေ့ရတယ်။ အကြည်နူးဆုံးအချက်ကတော့ . . . မိသားစုတွေ စုံစုံလင်လင်နဲ့ ပျံတက်လာတာကို တွေ့ရတာပါပဲ. . . ကျွန်တော်ဒီမြင်ကွင်းကို အကြိုက်ဆုံးပဲဗျာ. . .။

အံ့အားသင့်ပြီး မိန်းမောနေတဲ့ ကျွန်တော့်ကို ဘုရားရှင်က ချက်ချင်းအာရုံပြောင်းစေလိုက်ပါတယ်။ **"အောက်သို့ငုံ့ကြည့်လိုက်ပါ"** အလိုလေး. . .

ကမ္ဘာပျက်တယ်ဆိုတဲ့ စကားရဲ့အဓိပ္ပါယ်ဟာ ဒါပါပဲလား ? . . .

မိဘတွေက သားသမီးတွေကို လိုက်ရှာ. . .၊ သားသမီးတွေက မိဘတွေကိုလိုက်ရှာ. . .

ငြိမ်သက်ခြင်းဆိုတာ လုံးဝမရှိတော့ဘူး. . .။

ပြေးလွှား၊ ငိုယို . . . ကြောက်မက်ဖွယ်ပါတကား. . .။

ကျွန်တော့်မြို့မှာရှိတဲ့ ကျွန်တော့်အသင်းတော်ထဲက လူတစ်ချို့ ကျန်ရစ်ခဲ့တဲ့အဖြစ်ကို ဘုရားရှင် ကျွန်တော့်ကိုပြပါတယ်။

ဘုရားရှင်က "**ငါဘုရားရှင်အပေါ်မှာ သစ္စာစောင့်ပါ။ ဒီမြင်တွေ့ခဲ့ရသမျှ၊ ကြားခဲ့ရသမျှ အားလုံးကို ကမ္ဘာမြေကြီးပေါ်မှာရှိတဲ့ ငါ့ရဲ့သား၊ သမီးတွေကို ပြောပြပေးပါ**" လို့ မှာကြားတယ်။

ကောင်းကင်တမန်နဲ့အတူ ချက်ချင်းဆိုသလို အလာတုန်းက မြင်းဖြူကြီးကိုစီး၍. . ကျွန်တော်. . ဆေးရုံထဲကို ပြန်ရောက်နေပြီ။

ကျွန်တော့် ခန္ဓာကိုယ်ဟာလည်း ကျန်းမာသန်စွမ်း၍ အားပြည့်နေတာကိုလည်း တွေ့လိုက်ရပါပြီ။

ဘုရားရဲ့ ဂုဏ်တော်နဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။

ကောင်းကင်ဘုံရောက်တုန်းမှာရရှိခဲ့တဲ့ ခန္ဓာကိုယ်ကိုတော့ ယနေ့အထိ မှတ်မိနေပါသေးတယ်။ ကျွန်တော်ငယ်စဉ်အသက်တာမှာ ရရှိတဲ့ ခန္ဓာကိုယ်မျိုးပေါ့။

ကောင်းကင်ဘုံမှာ ခရစ်တော်ဘုရားနဲ့ ကြုံတွေ့ခဲ့တဲ့ အတွေ့အကြုံတို့ကို ဝေမျှလိုက်ပါတယ်။


**ဘုန်းစည်းစိမ်၌စံပါယ်သောခရစ်တော်၏ကြီးမြတ်သောနာမတော်၌**

**ဘာသာပြန်ဆိုသူ**

**Chris Htet Naing U**

**(အဖိုးဆရာကြီးဦးမောင်ဦးနှင့်အဖွားဆရာမကြီးဒေါ်ခင်ဆုံတို့အား ဂုဏ်ပြုလျက် ရေးသားပါသည်။)**